ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်

Mao Hsin Co., Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၆)ရှိ မြေဧရိယာ (၂.၇၃၉) ဧကပေါ်တွင် CMP စနစ်ဖြင့် အားကစားပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဥ် (EMP) ၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate-ECC)

ရက်စွဲ။ ၂၀၂၃ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၅၃၀ ) ရက်စွဲ။ ၂၀၂၃ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC) ကိုထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - Mr. Kao, Cheng-Yang<br>Managing Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Mao Hsin Co., Ltd<br>မြေကွက်အမှတ် (၁၆၆)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊<br>ဖုန်း ၀၉- ၇၇၀၁၆၉၀၂၈ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - CMP စနစ်ဖြင့် အားကစားပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းဧရိယာ (၂.၇၃၉) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - မြေကွက်အမှတ် (၁၆၆)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| (ဆ) | **ECC သက်တမ်း** | - (၅) နှစ်<br>စတင်ထုတ်ပေးရက် - ၂၃- ၂- ၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၂၂- ၂- ၂၀၂၇ |

(ဇ) **အတည်ပြုအစီရင်ခံစာ** - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၈- ၁၂- ၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ရက/EIA/ ၅(၁) (၂၅၁၀/၂၀၁၂)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**Mao Hsin Co., Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၆)ရှိ မြေဧရိယာ (၂.၇၃၉) ကေပေါ်တွင် CMP စနစ်ဖြင့် အားကစားပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Mao Hsin Co., Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၆)ရှိ မြေဧရိယာ (၂.၇၃၉) ကေပေါ်တွင် CMP စနစ်ဖြင့် အားကစားပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၈- ၁၂- ၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ရက/EIA/ ၅(၁) (၂၅၁၀/၂၀၂၂) ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan- EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Kao, Cheng-Yang ၊ Managing Director ၊ မြေကွက်အမှတ် (၁၆၆)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ Mao Hsin Co., Ltd၊ ဖုန်း ၀၉- ၇၇၀၁၆၉၀၂၈ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ကုန်ကြမ်းပစ္စည်းများကို ထိုင်ဝမ်၊ ယူနန်၊ ပါကစ္စတန်နှင့် အိန္ဒိယတို့မှ တင်သွင်းပြီး စီမံကိန်းဆောင်ရွက်မှုအဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းများသိုလှောင်ခြင်း၊ ကုန်ကြမ်းဖြတ်တောက်ခြင်း၊ ပုံနှိပ်ခြင်းနှင့် ချုပ်လုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်းနှင့် ထုပ်ပိုးခြင်းတို့ဖြစ်ပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်း၏အဓိကကုန်ကြမ်းများမှာ PVC Leather, Velcro Tape, Plastic Zipper, Foam, Carton, Printer, Polyester Cloth, Polyester Mesh, Plastic Bag, Cowhide, Elastic band, Hardware Accessories, Iron Wire, Plastic Pellets, Ribbon, Adhesive, Cotton တို့ဖြစ်ပြီး ကုန်ကြမ်းပစ္စည်းများကို ထိုင်ဝမ်၊ ယူနန်၊ ပါကစ္စတန်နှင့် အိန္ဒိယတို့မှတင်သွင်းပါသည်။ စီမံကိန်းအတွက် အသုံးပြုမည့်ရေကို အဝီစိတွင်းမှ ရယူပြီး တစ်လလျှင် ၃၀၀ ဂါလန်အသုံးပြု၍ လျှပ်စစ်ဓာတ်အားအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ပေးဝေရေးဘုတ်အဖွဲ့မှ 1000 kVA Transformer ဖြင့်သွယ်ယူ အသုံးပြုပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မြေကွက်အမှတ် (၁၆၆)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။


## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၆)ရှိ မြေဧရိယာ (၂.၇၃၉) ဧကပေါ်တွင် Mao Hsin Co., Ltd ၏ CMP စနစ်ဖြင့် အားကစားပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တည်နေရာပြမြေပုံ



# ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၆)ရှိ မြေဧရိယာ (၂.၇၃၉) ဧကပေါ်တွင် Mao Hsin Co., Ltd ၏ CMP စနစ်ဖြင့် အားကစားပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၏ အဆောက်အဦ တည်နေရာပြပုံ



## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၃)၊ မြေကွက်အမှတ် (၁၆၆)ရှိ မြေဧရိယာ (၂.၇၃၉) ဧကပေါ်တွင် Mao Hsin Co., Ltd ၏ CMP စနစ်ဖြင့် အားကစားပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စီမံကိန်းအဆိုပြုသူက Mao Hsin Co., Ltd မှ ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၈- ၁၂- ၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ရက/EIA/ ၅(၁) (၂၅၁၀/၂၀၂၁) ဖြင့်အပြီးသတ်တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan- EMP) တွင်ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** စီမံကိန်း၏အဓိကကုန်ကြမ်းများမှာ PVC Leather, Velcro Tape, Plastic Zipper, Foam, Carton, Printer, Polyester Cloth, Polyester Mesh, Plastic Bag, Cowhide, Elastic band, Hardware Accessories, Iron Wire, Plastic Pellets, Ribbon, Adhesive, Cotton တို့ဖြစ်ပြီး ကုန်ကြမ်းပစ္စည်းများကို ထိုင်ဝမ်၊ ယူနန်၊ ပါကစ္စတန်နှင့် အိန္ဒိယတို့မှတင်သွင်းပါသည်။ စီမံကိန်းအတွက် အသုံးပြုမည့်ရေကို အဝီစိတွင်းမှ ရယူပြီး တစ်လလျှင် ၃၀၀ ဂါလန် အသုံးပြု၍ လျှပ်စစ်ဓာတ်အားအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ပေးဝေရေးဘုတ်အဖွဲ့မှ 1000 kVA Transformer ဖြင့်သွယ်ယူအသုံးပြုပါသည်။ စီမံကိန်းဆောင်ရွက်မှုအဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းများသိုလှောင်ခြင်း၊ ကုန်ကြမ်းဖြတ်တောက်ခြင်း၊ ပုံနှိပ်ခြင်းနှင့် ချုပ်လုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်းနှင့် ထုပ်ပိုးခြင်းတို့ဖြစ်ပါသည်။

(ဂ) **လေထုညစ်ညမ်းမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံမှ ကာဗွန်နှင့်လေထုညစ်ညမ်းမှုလျှော့ချရန်အတွက် သစ်ပင်ပန်းမန်များစိုက်ပျိုးထားရန်၊

(၂) လုပ်ငန်းခွင်အတွင်း မည်သည့်စွန့်ပစ်ပစ္စည်းကိုမှ မီးရှို့ဖျက်ဆီးခြင်းအား မပြုလုပ်စေရန်၊

(၃) လုပ်ငန်းသုံးမော်တော်ယာဉ်များ၊ မီးစက်များနှင့် စက်ပစ္စည်းကိရိယာများကို စစ်ဆေးမှုနှင့် ပြုပြင်ထိန်းသိမ်းမှုပုံမှန်ဆောင်ရွက်ရန်၊

(၄) မီးစက်နှင့် ဘွိုင်လာတို့မှ ထွက်ရှိသောထုတ်လွှတ်အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု လျှော့ချရန်အတွက် ခေါင်းတိုင်တပ်ဆင် အသုံးပြုရန်၊

(၅) လုပ်ငန်းသုံးမော်တော်ယာဉ်များ၊ ကွန်ပရက်ဆာနှင့် မီးစက်များကို ပြုပြင်ထိန်း သိမ်းမှုပုံမှန်ဆောင်ရွက်ရန်၊

(၆) Indoor and Outdoor of Proposed Project ၌ $PM_{2.5}$, $PM_{10}$, $SO_2$, $N_2$, $O_3$ တို့အား တစ်နှစ် နှစ်ကြိမ် စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင် ရွက်ရန်၊

(၇) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် များ (၂၀၁၅)၊ Motor Vehicles Act (၂၀၁၅) နှင့်ဘွိုင်လာဥပဒေ (၂၀၁၅) တို့အား လိုက်နာဆောင်ရွက်ရန်။

(ဃ) **ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံလျှော့ချရန်အတွက် မီးစက်များအား သီးခြားအသံလုံအခန်း တည်ဆောက်ရန်၊

(၂) သယ်ယူပို့ဆောင်မှုလမ်းကြောင်းရှိ ကုန်ကားနှင့် ယာဉ်ယန္တရားများအား သတ် မှတ်အမြန်နှုန်းထက် ကျော်လွန်၍ မောင်းနှင်မှုမပြုစေရန်၊

(၃) လုပ်ငန်းခွင်တွင် တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ (PPEs) လုံလုံ လောက်လောက် စီစဉ်ထောက်ပံ့ရန်၊

(၄) သက်ဆိုင်ရာဝန်ထမ်းများအား သင်တန်းများပို့ချပေး၍ ဆူညံသောလုပ်ငန်းခွင် တွင်အလုပ်လုပ်နေစဉ် PPEs များဝတ်ဆင်စေရန်၊

(၅) Cutting နှင့် Sewing ဆောင်ရွက်သည့်နေရာတို့၌ ဆူညံသံအား တစ်နှစ် နှစ်ကြိမ် စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(၆) ဆူညံသံကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အထွေထွေလမ်းညွှန်ချက်များပါ အပိုဒ် (၁.၃) ပါသတ်မှတ် ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်။

(င) **ရေထုညစ်ညမ်းမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆီလှောင်ကန်များ၊ မိလ္လာကန်များနှင့် အမှိုက်စွန့်ပစ်သည့်နေရာများအား ပုံမှန်စစ်ဆေးခြင်း၊ သန့်စင်ခြင်းများ ပြုလုပ်ခြင်းဖြင့် စွန့်ပစ်အရည်များစိမ့်ဝင်မှုများကို လျှော့ချရန်၊

(၂) ရေနုတ်မြောင်းနှင့် မိလ္လာစနစ်တို့အား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းနှင့် pH, Turbidity, Conductivity, Iron, Sulphate, TSS, TDS, Manganese, COD, BOD, Cyanide, Copper, Zinc, Carbonate တို့အား တစ်နှစ် နှစ်ကြိမ် စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် ပတ်သက်၍ Yangon City Development Committee Law (2018) ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် Underground Water Act တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းပိုင်ရှင်မှ အဆောက်အဦတိုင်း၌ သီးခြားအမှိုက်ပုံးများ စီစဉ်ပေးရန်၊

(၂) စွန့်ပစ်အစိုင်အခဲများအား အမျိုးအစားပေါ်မူတည်၍ စုဆောင်းသိမ်းဆည်းရန်နှင့် သီးခြားအမှိုက်သိုလှောင်သည့်နေရာတွင် သိုလှောင်ရန်နှင့် နောက်ဆုံး စွန့်ပစ်အမှိုက်များအား YCDC နှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၃) နေ့စဉ်စွန့်ပစ်ပစ္စည်းများအား YCDC အမှိုက်သိမ်းသူများမှ စုဆောင်းသိမ်းဆည်းမှုနှင့် လက်လွှဲပေးအပ်ခြင်း၊ အမှိုက်စွန့်ပစ်သည့် Inventry Record ကိုသတ်မှတ်ထားသော စီမံခန့်ခွဲမှုဖြင့် ထိန်းသိမ်းခြင်းတို့အား စောင့်ကြည့်ခြင်းနှင့်အစီရင်ခံတင်ပြခြင်းတို့ဆောင်ရွက်ရန်၊ တစ်လလျှင် ရန်ပုံငွေ ၅၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၄) Yangon City Development Committee Law (2018), National Waste Management Strategy and Action Plan (2018) တို့အား လိုက်နာဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်ရှိသော စွန့်ပစ်အစိုင်အခဲများသိုလှောင်ရာတွင် စနစ်တကျစစ်ဆေးရန်နှင့် ပြုပြင်ထိန်းသိမ်းရန်၊

(၆) ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများ ထည့်သည့် ကွန်တိန်နာများစွန့်ပစ်မှုကို လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးကင်း လုံခြုံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာလိုအပ်ချက်များအတိုင်း လိုက်နာဆောင် ရွက်ရန်၊

(၇) ဓာတုပစ္စည်းထည့်ပြီးသည့် ကွန်တိန်နာအလွတ်များအား စနစ်တကျပြန်လည် အသုံးပြုရန် သို့မဟုတ် သင့်လျော်စွာစွန့်ပစ်ရန် Supplier များထံ လက်လွှဲ ပေးအပ်ခြင်းတို့ ဆောင်ရွက်ရန်၊

(၈) ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား အထူးလိုင်စင်ရသူဖြင့် သယ်ယူ ပို့ဆောင်ပြီး Dowa and YCDC ကဲ့သို့ လိုင်စင်ရအဖွဲ့အစည်းများဖြင့် ချိတ် ဆက်စွန့်ပစ်ရန်၊

(၉) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြ ခြင်းတို့ဆောင်ရွက်ရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) အလုပ်သမားများ၏ အရေးပေါ်ကိစ္စများအတွက် စက်ယန္တရားများ ကိုင်တွယ် အသုံးပြုခြင်းအတွက် First Aid Training, Safety Training, Firefighting Training or Other Essential Training စီစဉ်ပေးရန်၊

(၂) လေ့လာတွေ့ရှိထားသော အလင်းပြင်းအားတန်ဖိုးများအရ အလုပ်သမားများ၏ ဘေးကင်းလုံခြုံသော အလုပ်လုပ်ခြင်းနှင့် အမြင်ဆိုင်ရာပြဿနာများ လျော့ နည်းစေရေးအတွက် စီမံကိန်းပိုင်ရှင်သည် မီးချောင်းများအား လုံလောက်စွာ စီစဉ်ပေးထားရန်၊

(၃) Earmuffs, Safety Gloves, Helmets နှင့် Goggles စသည့်တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ (PPEs) ကို ဌာနတစ်ခုစီတိုင်းအတွက် စီစဉ်ပေးထား ရန်၊

(၄) လျှပ်စစ်ရှော့အန္တရာယ်များ ကာကွယ်ရန် လျှပ်စစ်ပြုပြင်ထိန်းသိမ်းရေး ဝန်ထမ်း များသည် ပုံမှန်စစ်ဆေးခြင်းနှင့် ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ရန် အတွက်အဆိုင်းချထားရန်၊

(၅) အလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်ကို ကာကွယ်ရန် စက်ရုံရေနုတ်မြောင်းစနစ်အား သေချာစီမံဆောင်ရွက်ရန်၊

(၆) တစ်ရက် (၈) နာရီကြာထိတွေ့ခြင်းအတွက် အလုပ်သမားများအတွက် အများဆုံးလက်ခံနိုင်သော ဆူညံသံအဆင့်သည် 90dB (A) ဖြစ်သောကြောင့် ဆူညံသံမြင့်သောနေရာတွင် အလုပ်လုပ်သောအလုပ်သမားများအား Earmuffs/ Earpluss စသည့်သင့်လျော်သော ဆူညံသံကာကွယ်ရေးအစီအမံများ ဆောင်ရွက်ရန်၊

(၇) Fire Extinguisher နှင့် ရေငုတ်များကို အပတ်စဉ်စစ်ဆေးခြင်း၊ ဖွင့်ထားသော Fire Exit အားလုံးအား နေ့စဉ်စစ်ဆေးခြင်းနှင့် Fire Extinguisher ကြံ့ခိုင်ရေးနှင့် မတော်တဆမှုမှတ်တမ်းများစသည်တို့အား စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(၈) Public Health Law (1972), Prevention and Control of Communicable Diseases Law 1995 (Amendment 2011), Occupational Safety and Health Law (2019) တို့အား လိုက်နာဆောင်ရွက်ရန်၊

(၉) စက်ရုံစီမံခန့်ခွဲမှုကို မီးဘေး၊ ငလျင်၊ ရေကြီးခြင်းနှင့် မုန်တိုင်းကဲ့သို့သော အရေးပေါ်အခြေအနေအချို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သင့်လျော်သောအစီအစဉ်များ ဆောင်ရွက်ထားရန်၊

(၁၀) စီမံကိန်းအပိုင်းတိုင်းရှိ မီးသတ်ကိရိယာများနှင့် မီးသတ်ငုတ်စနစ်တို့ကို ထောက်ပံ့ခြင်းနှင့် စစ်ဆေးခြင်း၊ မီးသတ်လေ့ကျင့်မှုလုပ်ဆောင်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်ရန်၊

(၁၁) Evaluation Plan အသေးစိတ် (Fire Exist, Emergency Exit Door, etc.) ကိုရေးဆွဲပြီး အလုပ်သမားများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၁၂) Pressure Vessels နှင့် ကိရိယာများတားဆီးကာကွယ်ရေး ပြုပြင်ထိန်းသိမ်းမှုတို့ကို ပုံမှန်စစ်ဆေးရန်နှင့် လျှပ်စစ်ရှော့အကြောင်း အလုပ်သမားများအား အသိပညာပေးရန်၊

(၁၃) Fire Drill Operation ကိုပုံမှန် စီမံဆောင်ရွက်ရန်၊

(၁၄) အလုပ်သမားများကို လျှော်လှုပ်ပါက ဆောင်ရွက်သင့်သည်များကို အကြောင်းကြားရန်၊ အရေးပေါ်အခြေအနေဆိုင်ရာ ဘေးကင်းရေး ညွှန်ကြားချက်ကို သင်ကြားခြင်းတို့ ဆောင်ရွက်ရန်၊

(၁၅) ကနဦးပြုစုရေးအတွက် ဆေးအဖွဲ့ကို ဖွဲ့စည်းထားရှိရန်၊ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များအား ပြင်ဆင်ထားရှိရန်နှင့် အလုပ်သမားများ မြင်သာသည့်နေရာတွင် ပြသထားရန်၊

(၁၆) မီးသတ်အဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့တို့မှ ဘေးကင်းလုံခြုံရေးကော်မတီကို ဖွဲ့စည်းထားရန်နှင့် ဘေးကင်းလုံခြုံရေးအစီအစဉ်အကြောင်း လစဉ်ဆွေးနွေးပွဲ ကျင်းပရန်၊

(၁၇) ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ မီးဘေးလုံခြုံရေးနှင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့်လုံခြုံစိတ်ချရေးတို့နှင့်ပတ်သက်သည့် အကြောင်းအရာများကို အလုပ်သမားများအား သင်ကြားပြသခြင်းတို့ ဆောင်ရွက်ရန်၊

(၁၈) မီးသတ်ဆေးဘူးများနှင့် ရေငုတ်များ၊ မီးအရေးပေါ်ထွက်ပေါက်တို့အား စောင့်ကြည့်ခြင်းနှင့်ပြသခြင်းတို့ ဆောင်ရွက်ရန်၊

(၁၉) The Employment and Skill Development Law (August 2013), ILO guide to Myanmar Labour Law (2017) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဈ) **မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးလောင်မှုအရေးပေါ်ကိစ္စများအတွက် စက်ရုံနံရံများတွင် မီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်များနှင့် မီးသတ်ငုတ်များကို စီစဉ်ပေးထားရန်၊ မီးသတ်ကိရိယာများကို ပုံမှန်ပြုပြင်ထိန်းသိမ်းရန်နှင့် မီးလောင်မှုအရေးပေါ်အတွက် မီးသတ်ရေကန် အသင့်ထားရှိရန်၊

(၂) မီးအရေးပေါ်ထွက်ပေါက်နှင့် စုရပ်တို့အား ညွှန်ပြထားရန်၊

(၃) မီးအရေးပေါ်သတိပေးစနစ်များအား မီးလောင်မှုအရေးပေါ်ဖြစ်လာခဲ့လျှင် အလုပ်သမားများအား သိရှိနိုင်ရန်အတွက် တပ်ဆင်ထားရန်၊

(၄) စက်ရုံအရေးပေါ်ကိစ္စများအတွက် အဓိကဝင်ပေါက်များနှင့် လျှောက်လမ်းတို့အား မီးအရေးပေါ်ကိစ္စများအတွက် ပစ္စည်းကိရိယာများ သို့မဟုတ် စက်ပစ္စည်းများနှင့် ပိတ်မနေစေရေး အမြဲစီမံထားရှိရန်၊

(၅) မြန်မာနိုင်ငံမီးသတ်ဥပဒေ (၂၀၁၅) အား လိုက်နာဆောင်ရွက်ရန်၊

(၆) မီးသတ်ပစ္စည်းကိရိယာများ (Fire Extinguisher, Firefighting Hose, Portable Fire Pumps, Fire Hose Reels, Fire Monitor and Firefighting Nozzles) အားလစဉ် မျက်မြင်စစ်ဆေးခြင်းတို့အား စောင့်ကြည့်ရန်။

(ဈ) **စွမ်းအင်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Healing နှင့် Cooling ကိုထိန်းချုပ်ရန် Timers နှင့် Thermostates များ တပ်ဆင်ဆောင်ရွက်ရန်၊

(၂) စက်ရုံနေရာအသီးသီးတို့တွင် စွမ်းအင်ချွေတာခြင်းအတွက် စွမ်းအင်ချွေတာရေး မီးများနှင့် ကိရိယာများကို တပ်ဆင်အသုံးပြုရန်၊

(၃) စက်ယန္တရားများနှင့် မီးခလုတ်များကို အလုပ်ချိန်ပြီးသည့်နောက် ပိတ်ထားခြင်းကဲ့သို့သော ကောင်းမွန်သော လုပ်ငန်းခွင်ထိန်းသိမ်းမှုအစီအစဉ်များ ဆောင်ရွက်ရန်၊

(၄) စွမ်းအင်စီမံခန့်ခွဲမှုအစီအစဉ်အား စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(၅) Myanmar Energy Master Plan, 2015 နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ည) **စက်ရုံလည်ပတ်ခြင်းကာလတို့အတွက်စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး $PM_{2.5}$, $PM_{10}$, $CO$, $CO_2$, $SO_2$ နှင့် $NO_2$ တို့အား Indoor and Outdoor of Proposed Project ၌ တစ်နှစ်နှစ်ကြိမ်၊ ပိတ်သိမ်းစဉ်နှင့် ပိတ်သိမ်းခြင်းများ ဆောင်ရွက်သည့်အမှတ်တစ်နေရာ၌ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးမှ pH, Turbidity, Conductivity, Iron, Sulphate, TSS, TDS, Manganese, COD, BOD, Cyanide, Copper, Zinc, Carbonate စသည့် ပါရာမီတာတို့အား လစဉ်နှင့် ပိတ်သိမ်းစဉ်၊ ပိတ်သိမ်းခြင်းများ

ဆောင်ရွက်သည့်အမှတ်တစ်နေရာ၌ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(၃) Cutting နှင့် Sewing ဆောင်ရွက်သည့်နေရာတို့၌ ဆူညံသံအား တစ်နှစ်နှစ်ကြိမ် စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(၄) Recycle House, Waste House နှင့် ရုံးတို့၌ စွန့်ပစ်အစိုင်အခဲနှင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကို အပတ်စဉ်စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(၅) စက်ရုံ၌မီးဘေးအန္တရာယ်အား မျက်မြင်စစ်ဆေးခြင်းနှင့် မီးသတ်ပစ္စည်းကိရိယာများ (Fire Extinguisher, Firefighting Hose, Portable Fire Pumps, Fire Hose Reels, Fire Monitor and Firefighting Nozzles) တို့အား လစဉ်စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်နှင့် Production Line (အထူးသဖြင့် Cutting and QC) ၌ လစဉ်စောင့်ကြပ်ကြည့်ရှုရန်၊

(၆) လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးနှင့် စပ်လျဉ်း၍ Fire Extinguisher နှင့် ရေငုတ်များကို အပတ်စဉ်စစ်ဆေးခြင်း၊ ဖွင့်ထားသော Fire Exit အားလုံးအား နေ့စဉ်စစ်ဆေးခြင်းနှင့် Fire Extinguisher ကြံ့ခိုင်ရေးနှင့် မတော်တဆမှုမှတ်တမ်းများ စသည်တို့အား စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(၇) စွန့်ပစ်အစိုင်အခဲနှင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ထွက်ရှိမှု၊ စုဆောင်းသိမ်းဆည်းမှု၊ သိုလှောင်မှုနှင့် စွန့်ပစ်မှု၊ ဆူညံသံနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး၊ ပြည်လည်ထူထောင်မှုတို့အား ပိတ်သိမ်းစဉ်၊ ပိတ်သိမ်းခြင်းများ ဆောင်ရွက်သည့်အမှတ်တစ်နေရာ၌ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရန်၊

(ဌ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ

ဒေသခံများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထား များကို ညှိနှိုင်းဆောင်ရွက်ရမည်။

(၃) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) လေထုညစ်ညမ်းမှုစီမံခန့်ခွဲမှုအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၁,၀၀၀,၀၀၀ ကျပ် သုံးစွဲရန်၊

(၂) ဆူညံသံစီမံခန့်ခွဲမှုအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၅၀၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၃) မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၁,၂၀၀,၀၀၀ ကျပ် သုံးစွဲရန်၊

(၄) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၁,၀၀၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၅) စွန့်ပစ်အစိုင်အခဲစီမံခန့်ခွဲမှုအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၅၀,၀၀၀ ကျပ် သုံးစွဲရန်၊

(၆) စွန့်ပစ်အရည်စီမံခန့်ခွဲမှုအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၅၀၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၇) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၁,၀၀၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၈) စွမ်းအင်စီမံခန့်ခွဲမှုအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၁,၀၀၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၉) အရေးပေါ်အခြေအနေတုံ့ပြန်ရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် တစ်နှစ်လျှင် ရန်ပုံငွေ ၁,၅၀၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၁၀) လေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမှုအတွက် ရန်ပုံငွေ ၁,၀၀၀,၀၀၀ ကျပ် သုံးစွဲရန်နှင့် ပိတ်သိမ်းသည့်ကာလတွင် ၁,၀၀၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၁၁) စွန့်ပစ်ရေအရည်အသွေးစောင့်ကြည်ကြည့်ရှုမှုအတွက် ရန်ပုံငွေ ၁၀၀,၀၀၀ ကျပ် သုံးစွဲရန်နှင့် ပိတ်သိမ်းသည့်ကာလတွင် ၁၀၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၁၂) ဆူညံသံစောင့်ကြပ်ကြည့်ရှုမှုအတွက် ရန်ပုံငွေ ၅၀၀,၀၀၀ ကျပ် သုံးစွဲရန်နှင့် ပိတ်သိမ်းသည့်ကာလတွင် ၁၀၀,၀၀၀ ကျပ်သုံးစွဲရန်၊

(၁၃) စက်ရုံ၌ မီးအန္တရာယ်အား စောင့်ကြပ်ကြည့်ရှုမှုအတွက် ရန်ပုံငွေ ၅၀၀,၀၀၀ ကျပ် သုံးစွဲရန်၊ Light Intensity ကို Production Line (အထူးသဖြင့် Cutting and QC) ၌ ရန်ပုံငွေ ၅၀၀,၀၀၀ ကျပ်သုံးစွဲရန်၊ လုပ်ငန်းခွင်ဘေးကင်း လုံခြုံရေးနှင့် ကျန်းမာရေးအတွက် ရန်ပုံငွေ ၁,၀၀၀,၀၀၀ ကျပ် သုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့ နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေးလိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာ ဆောင်ရွက်ရန်၊

(၃) လေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် (၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် (၁.၂) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်း

ဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး တို့ကိုဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်း ရေးတို့ကိုဆောင်ရွက်ရန်၊

(၂) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ပြန်လည်သုံးသပ်ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်များ၊ အရေးပေါ်ဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်များအား မှန်ကန်စွာပြင်ဆင်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လူမှုတာဝန်သိအစီအစဉ် (CSR Activities) အနေဖြင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများ (Stakeholders) များနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့်လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်

မြည်ဇာကောင်ရုံ
ဝန်ကြီးရုံး

ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့်အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်း အဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင်အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကိုကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့်ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသောမတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၁၀) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေး

ဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့အကြောင်းကြားရမည်။

(ဈ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့်သက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်၊

(ည) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင်

ဆိုးကျိုး သက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုး ညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်၊ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများ အားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာန အား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း ၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင် ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်း သည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင် မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင် ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ် သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်း အနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေး ခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို

မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကိုတွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်၊

(၁၀) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းအစီအစဉ်အား ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ အပြင်စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံပြည်သူတို့နှင့် တိုင်ပင်ဆွေးနွေးမှုများ၊ ၎င်းတို့၏ လိုလားတောင်းတချက်များနှင့် စီမံကိန်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ တက်ရောက်သူဦးရေ၊ တည်နေရာ၊ ရက်စွဲ၊ မှတ်တမ်းဓါတ်ပုံတို့နှင့်အတူ (၆) လတစ်ကြိမ် စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်တွင် ထည့်သွင်းဖော်ပြရန်၊

(၁၁) အရေးပေါ်မီးစက်/ဂျန်နရေတာနှင့် မော်တော်ယာဉ်များအတွက် အသုံးပြုသည့်လောင်စာ ဆီလိုအပ်ချက်ပမာဏအား (၆)လပတ်စောင့်ကြပ်ကြည့်ရှု အစီရင်ခံစာတွင် မပျက်မကွက် ထည့်သွင်းဖော်ပြရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

ပြည်ထောင်စု ဝန်ကြီးဌာန

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံ လက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့်အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပြပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---------------------------------------------------------------------------------